# အထူးပညာရေး ကြိုပို့တောင်းဆိုမှု လုပ်ငန်းစဉ်

## ကျောင်းသားများနှင့် မိသားစုများအတွက် အချက်အလက်များ

**ကြိုပို့ဝန်ဆောင်မှုများသည် သင့်ကျောင်းသားများအတွက် လုံခြုံပြီး နှစ်လိုဘွယ်ဖြစ်သော ကျောင်းပို့ကျောင်းကြို ခရီးကိုပို့ဆောင်ပေးရန် အလေးထားသည်။**

တစ်ဦးစီအတွက် ပြုလုပ်ထားသော ပညာရေးအစီအစဉ် (IEP) သတ်မှတ်ချက်ရှိသော ကျောင်းသားများနှင့် ကြိုပို့ကို ဆက်စပ်ဝန်ဆောင်မှု အနေနှင့်ရရှိထားသော ကျောင်းသားများအတွက် ဘေးကင်းသောကြိုပို့ဖြစ်စေရန် ကြိုပို့ဝန်ဆောင်မှုများသည် ကျောင်းသားသာတူညီမျှမှုနှင့် အခွင့်အလမ်းရုံး (SE&O) မှသင့်ကျောင်းသား၏ အထူးလိုအပ်ချက်များနှင့် ပတ်သက်သော အချက်အလက်များကို ပြည့်စုံစွာနှင့် တိကျမှန်ကန်စွာ ရရှိရမည်။

ကြိုပို့ဂန်ဆောင်မှု မစတင်မီ ကြိုပို့ ပုံစံ ၁၀၆၆ လိုအပ်သည်။ မိသားစုပညာရေးဆိုင်ရာ အခွင့်အရေးနှင့် ပုဂ္ဂိုလ်ရေး အက်ဥပဒေ (FERPA) အရ ကျောင်းသားများနှင့် ပတ်သက်သော ပုဂ္ဂိုလ်ရေး အချက်အလက်များ အားလုံးကို တင်းကြပ်စွာ လျှို့ဂှက်ထားသည်။




ပုံမှန် အဝါရောင်ဘတ်စ် လမ်းကြောင်းဝန်ဆောင်မှုများအပြင် DPS ကြိုပို့ဝန်ဆောင်မှုများသည် အထူးလိုအပ်ချက်များ ရှိသော ကျောင်းသားများ၏ မိသားစုများအား ဝန်ဆောင်မှုပေးရန် ပြင်ပကုမ္ပဏီဖြစ်သော American Logistics Company (ALC) ကိုအသုံးပြုသည်။

### ကျွန်ုပ်၏ လိပ်စာပြောင်းပါက ဘာလုပ်ရမလဲ?

အကယ်၍ သင့်လိပ်စာ (သို့) ဆက်သွယ်ရန် အချက်အလက်များ မည်သည့်အချိန်မဆို ပြောင်းလဲပါက ကျေးဇူးပြု၍ -

1. Infinite Campus တွင်လက်ရှိအတိုင်း ပြင်ဆင်ရန် ကျောင်းရှေ့ ရုံးခန်းသို့ အကြောင်းကြားပါ
2. ပုံစံ ၁၀၆၆ တွင်လက်ရှိအတိုင်း ပြင်ဆင်ပြီး SE&O ထံတင်သွင်းရန် ကျောင်းသား၏ အထူးလိုအပ်ချက်ဆရာအား အကြောင်းကြားပါ။

မေးခွန်းများအားလုံးပို SE&O ရုံးကို မေးရပါမည်။

### မေးခွန်းတွေ ဘယ်သူ့ကို မေးရပါမလဲ?

မေးခွန်းအားလုံးကို သင့်ကျောင်းသား၏ အထူးလိုအပ်ချက်ဆရာအား မေးပါ၊ သူသည် လိုအပ်ပါက DPS SE&O ကိုယ်စားလှယ်ထံ ဆက်သွယ်နိုင်ပါသည်။